## သွားနှင့်ခံတွင်းကျန်းမာရေး

ပြည်သူ့သွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ် ဆေးရုံများနှင့် ဒေသန္တရကျန်းမာရေးဌာနများတွင် ဖွင့်လှစ်ထားပါသည်။ လက်ရှိအခြေအနေအရ သွားဖက်ဆိုင်ရာဆရာဝန် (၄၃၀) ဦးသည် သွားကျန်းမာမှုမြှင့်တင်ရေး၊ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများကို ပဏာမနှင့် အထူးကုညွှန်းပို့ဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ပဏာမ သွားကျန်းမာရေး စောင့်ရှောက်မှု စီမံချက်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍ ၁၉၉၁ ခုနှစ်တွင် တိုးချဲ့ဆောင်ရွက်ခဲ့ရာ ပြည်နယ်နှင့်တိုင်း (၁၄)ခုရှိ မြို့နယ်စုစုပေါင်း (၈၇)ခု ကို လွှမ်းခြုံမှုရရှိခဲ့ပါသည်။ အဆိုပါစီမံချက်တွင် ဗဟိုအဆင့် သင်တန်းဆရာ၊ သွားဖက်ဆိုင်ရာ ဆရာဝန်များအား လေ့ကျင့်ပေးခြင်းနှင့် စီမံချက်ဝင်မြို့နယ်များရှိ လက်ထောက်ကျန်းမာရေးမှူးများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများအား မြို့နယ်အဆင့် ပြန်လည်ပို့ချခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

ပမာဏသွားကျန်းမာရေးစောင့်ရှောက်မှုစီမံချက်မှ ပြည်သူလူထုအတွက် စောင့်ရှောက်မှုများပေးရာတွင် သွားနှင့်ခံတွင်းကျန်းမာရေး ပညာပေးခြင်းနှင့်မြှင့်တင်ခြင်း၊ အခြေခံနှင့်အရေးပေါ် စောင့်ရှောက်ခြင်း၊ ပဏာမနှင့် ဒုတိယအဆင့် ညွှန်းပို့ခြင်းများ ပါဝင်ပါသည်။ စီမံချက်ဝင် မြို့နယ်များမှ မူလတန်းကျောင်းများတွင် နေ့လည်စာစားပြီး စုပေါင်းသွားတိုက်ခြင်းများကို အထူးလှုပ်ရှားမှုအနေဖြင့် အခြေခံသွားကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းဆရာ/ဆရာမများမှ ဦးဆောင်ကျင်းပခဲ့ပါသည်။ ထိုသို့ စုပေါင်းသွားတိုက်ခြင်းများ ပြုလုပ်ခြင်းဖြင့် မူလတန်းကျောင်းသားများသည် အနာဂတ်ဘဝတစ်လျှောက်တွင် သွားနှင့်ခံတွင်း သန့်ရှင်းရေးအလေ့အကျင့်ကို ရရှိသွားမည်ဖြစ်ပါသည်။ ကျောင်းအခြေပြု လှုပ်ရှားမှုများ၏ ထိရောက်မှု လေ့လာဆန်းစစ်ခြင်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် နယ်သာလန်နိုင်ငံ သွားကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။



*မူလတန်းကျောင်းများတွင်*
*စုပေါင်းသွားတိုက်ခြင်း*



*ကလေးငယ်များ၏ သွားနှင့်ခံတွင်း သန့်ရှင်းရေး*
*အလေ့အကျင့်ကိုဆန်းစစ်ခြင်း*

သွားနှင့်ခံတွင်းကျန်းမာရေးဌာနသည် သွားများတွင် ဖလူအိုရိုက်ချို့တဲ့ခြင်းနှင့် ကလေးများ၏ သွားပုံသဏ္ဌာန်အခြေအနေကို အသေးစိတ်လေ့လာမှုပြုလုပ်ခဲ့ပါသည်။ တွေ့ရှိချက်များအရ ကလေးငယ်များ၏ ငါးနှစ်အောက်အရွယ်က အသုံးပြုခဲ့သော ရေအရင်းအမြစ်ကွဲပြားမှုနှင့် ဆက်စပ်ကြောင်း သိရှိရပါသည်။ ဤစစ်တမ်းသည် အဝီစိတွင်းရေ၊ စမ်းရေသောက်သုံးမှုနှင့် သွားများတွင် ဖလူအိုရိုက်ချို့တဲ့မှု

ဆက်စပ်မှုကို လေ့လာရန် ရည်ရွယ်ပါသည်။ မြို့နယ်များရှိ သွားဖက်ဆိုင်ရာဆရာဝန်များသို့ မေးခွန်းများ ပေးပို့၍ သွားများတွင် ဖလူအိုရိုက်ပါဝင်မှုအခြေအနေကို တစ်နိုင်ငံလုံးတွင် စာပို့ စစ်တမ်းတစ်ခု ကောက်ယူလျက် ရှိပါသည်။ အဆိုပါစစ်တမ်းနှစ်ခုအရ ကလေးသူငယ်များ၏ အနာဂတ်တွင် သွားများ ဖလူအိုရိုက်ချို့တဲ့ခြင်းမှ ကာကွယ်ရန် နည်းလမ်းများ သိရှိပြီး လူထုအတွင်း ပညာပေး ဆွေးနွေးနိုင်မည် ဖြစ်ပါသည်။



*ကျေးလက်ဒေသတွင် သောက်သုံးရေ၌ ဖလူအိုရိုက်ပါဝင်မှုကို စစ်ဆေးစဉ်*

အရည်အသွေးပြည့်ဝသော ဖလူအိုရိုက်ပါဝင်သည့် သွားတိုက်ဆေးများ၏ ဝယ်ယူရလွယ်ကူမှုသည်လည်း သွားကျန်းမာရေးတိုးတက်စေရန် အဓိကကျလျက်ရှိပါသည်။ အများလက်လှမ်းမီသောနှုန်းထားဖြင့် ဖလူအိုရိုက်သွားတိုက်ဆေးများ ပိုမိုထုတ်လုပ်ရေးအတွက် အသိပေး ဆွေးနွေးတင်ပြခြင်း၊ သွားတိုက်ဆေးများ ကြီးကြပ်စစ်ဆေးခြင်းနှင့် အရည်အသွေးမြှင့်တင်ခြင်း ကော်မတီတစ်ရပ်ကို ကဏ္ဍအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းပြီး ပြည်တွင်းဖြစ် ဖလူအိုရိုက် သွားတိုက်ဆေးများ၏ အရည်အသွေးကို စစ်ဆေးထိန်းချုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ကော်မတီသည် ပြည်သူလူထု၏ ပြည်တွင်းဖြစ် ဖလူအိုရိုက် သွားတိုက်ဆေးများ အရည်အသွေး မြှင့်တင်ရေးနှင့် လက်လှမ်းမီဝယ်ယူနိုင်ရေး၊ သွားပိုးစားခြင်းမှ ကာကွယ်ရေးတို့ကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။





*သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့်ပညာပေးခြင်း*